# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 21, 2024 | Volume 84, Number 13


| ၂၁.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၈၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၇၀ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပဲစင်းငုံနီဈေး ထပ်မံကျဆင်းလာပြီး တစ်တန် ၃၈ သိန်းရောက်ရှိ



ပြည်ပပို့ကုန်ပဲဖြစ်တဲ့ပဲစင်းငုံနီကတော့ဈေးကွက်ဆက်တိုက်ကျဆင်းနေပြီး နိုဝင်ဘာလတတိယပတ်မှာပဲစင်းငုံနီတစ်တန်ကို၃၈သိန်းကျပ်သာဈေးတန်းရှိနေတယ်လို့ ကုန်စည်ဒိုင်တွေက သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလအစ ရန်ကုန်ဘုရင့်နောင် ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန် ၄,၆၀၀,၀၀ ကျပ်အထိရှိပြီး အောက်တိုဘာလကုန်မှာ တစ်တန် ၄,၀၇၀,၀၀၀ ကျပ်အထိ ဈေးကျခဲ့ပါတယ်။ အဲဒီနောက်မှာလည်း ဈေးထပ်မံကျဆင်းခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်မှာ တစ်တန်ကို ၃၈ သိန်းကျပ်သာရှိတော့တယ်လို့ သိရပါတယ်။

ဒါကြောင့် ပဲစင်းငုံနီက အောက်တိုဘာလကုန်မှာဖြစ်ပေါ်ခဲ့တဲ့ ဈေးကွက်နဲ့ယှဉ်ရင် နိုဝင်ဘာလမှာ တစ်တန်ကို ၂ သိန်းကျော်လောက်ဈေးထပ်မံကျဆင်းလာတာဖြစ်ပါတယ်။

“ ဈေးက တန်ဆောင်တိုင်မရောက်ခင်တည်းကကျတာပဲ။ခုကာလက ဆောင်းပဲစိုက်ရာသီလည်းရောက်နေပြီ၊ ပဲလက်ကျန်ကလည်းမရှိတော့ဘူးဆိုတော့ဈေးကအတက်မရှိဘဲ ကျပဲကျနေတာပါ။ ဒေါ်လာဈေးကလည်းကျတော့ အဲဒါတွေကြောင့်လည်းပါတယ် " လို့ ပဲကုန်သည်တစ်ဦးကပြောပါတယ်။

လက်ရှိပြည်တွင်းမှာ နိုင်ငံခြားငွေဈေးနဲ့ရွှေဈေးကျလာခြင်းနဲ့အတူ ပဲစင်းငုံကို အိန္ဒိယဘက်ကလည်း ဝယ်လိုအားနည်းသွားခြင်း ၊ ပြည်တွင်းလက်ကျန်မရှိခြင်းတွေကြောင့် ဈေးတန်းကျဆင်းလာနေတာဖြစ်တယ်လို့သိရပါတယ်။

ပြီးခဲ့တဲ့ ပဲစင်းငုံနီစိုက်ပျိုးရာသီမှာတုန်းက အိန္ဒိယနိုင်ငံမှာပဲစင်းငုံနီအထွက်နှုန်းလျော့ကျခဲ့တာကြောင့် စားနပ်ရိက္ခာလိုအပ်ချက်ရှိနေတဲ့အတွက် မြန်မာကနေ ပဲစင်းငုံနီတန်ချိန်

အများအပြားဝယ်ယူမှုကြောင့်ဈေးနှုန်းတက်လာခဲ့ပြီးလက်ရှိမှာအဝယ်အေးသွားလို့အကျဘက်ရောက်လာတာလည်းဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ၃,၈၀၀,၀၀၀ ကျပ်သာရှိပြီး မန္တလေးကုန်စည်ဒိုင်မှာတော့ ပဲအဝင်မရှိတာကြောင့် ဈေးကွက်ဖွင့်ထားခြင်းမရှိတာ စက်တင်ဘာလနောက်ဆုံးပတ်လောက်ကတည်းကဖြစ်ပါတယ်။

" ပဲစင်းငုံနီကမိုးစိုက်တာတွေရှိပေမဲ့ ရေကြီးတာနဲ့ဆိုတော့ပျက်စီးတာများကြတယ်။အသစ်လည်း မပေါ်သေးတော့ ဈေးကွက်ကပျောက်နေသလိုဖြစ်နေတာ။အဟောင်းဈေးကတော့ဆက်တိုက်ကိုကျလာတာ။အသစ်ပေါ်ရင်ပြန်တက်ပဲ့မလားတောင် မသိဘူး" လို့ ပဲစိုက်တောင်သူတစ်ဦးကပြောပါတယ်။

စက်တင်ဘာလပထမပတ်က ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ၅၁ သိန်း အထိရှိခဲ့ပါတယ်။ ပဲစင်းငုံနီကိုတော့ ပြည်ပတင်ပို့မှုအနေနဲ့ အိန္ဒိယနိုင်ငံကိုသာ အဓိကအများဆုံးတင်ပို့ရတာဖြစ်ပြီး ဥရောပနိုင်ငံအချို့ကတော့ ပဲပင်ပေါက်ဖို့တန်ချိန်ထောင်ဂဏန်းလောက်သာဝယ်ယူမှုရှိတာကြောင့် အိန္ဒိယရဲ့ဝယ်လိုအားပေါ်လိုက်ပြီး ဈေးအတက်အကျဖြစ်ပေါ်နေတာဖြစ်ပါတယ်။

**Source :** https://myanmaawba.com/news11192024/

## မြန်မာ့ရိုးရာ လက်မှုပစ္စည်းများနှင့် အစားအစာများ လာအိုနိုင်ငံ သံတမန်အမျိုးသမီးများ ချစ်ကြည်ရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသခဲ့



လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လာအိုအမျိုးသမီးများအသင်းတို့ကကြီးမှူးကျင်းပသည့်“ 2024 Tea Party Friendship Day for Female Diplomatic Communities” အခမ်းအနားတွင် မြန်မာသံရုံး၊ဗီယန်ကျင်းမြို့မှပါဝင်ဆင်နွှဲခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာသံရုံးအနေဖြင့်မြန်မာ့ရိုးရာလက်မှုပစ္စည်းအရောင်းပြခန်းနှင့် မြန်မာအစားအစာဆိုင်ခန်းများ ဖွင့်လှစ်ခဲ့ပြီး မြန်မာမှုရွှေချည်ငွေချည်ထိုးပန်းချီကားများ၊လက်ကိုင်အိတ်များ၊ မြန်မာ့တွင်းထွက် လက်ဝတ်ရတနာများ၊ ပုလဲ များ၊ ကနုကမာများနှင့် မြန်မာအစားအသောက်များကို ခင်းကျင်းပြသရောင်းချခဲ့သည်။

အဆိုပါ အခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဗီယန်ကျင်းမြို့ရှိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ International Cooperation and Training Centre (ICTC) တွင် ကျင်းပခဲ့ရာ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနမှအကြီးအကဲများ၏ဇနီးများ၊အမျိုးသမီးဝန်ထမ်းများ၊သံတမန်အသိုက်အဝန်းမှအမျိုးသမီးများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်း ဂုဏ်ထူးဆောင်နာယက Madam Mrs. Alouny KOMMASITH က အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီးအခြားသံရုံးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုရေးအဖွဲ့အစည်းများကလည်း ရိုးရာလက်မှုပစ္စည်းများနှင့် အစားအသောက်များကို စည်ကားသိုက်မြိုက်စွာ ပြသရောင်းချခဲ့ကြကြောင်း သိရသည်။

**Source : Popular News Journal**

## ဆေးဖက်ဝင် ဇီဝဖိုးငှက် မွေးမြူသူများပြားလာ



ဇီဝဖိုးငှက်သိုက်များကို တရုတ်၊ ဂျပန်၊ ထိုင်း၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ ဝယ်ယူမှုများ လာသောကြောင့် ဇီဝဖိုးငှက်သိုက် မွေးမြူသူများပြား လာကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်သူများထံ က သိရသည်။

" တရုတ်က ပိုအဝယ်လိုက်တယ်၊ မွေးမြူတဲ့ရုံတွေ အထိ လိုက်ဆင်းဝယ်တဲ့ တရုတ်တွေတောင်ရှိတယ်၊ သူက သောက်လိုက်ရင် အားရှိစေတယ်လေ၊နိုးတယ်" ဟု မင်္ဂလာဒုံမြို့နယ်တွင် ဇီဝဖိုးငှက်သိုက်မွေးမြူသူတစ်ဦး က ပြောသည်။

ဇီဝဖိုးငှက်သိုက်များသည် နိုင်ငံတကာဈေးကွက် ဝင် တင်ပို့နိုင်သောပို့ကုန်ဖြစ်ပြီး အမျိုးအစားအလိုက် တစ်ပိဿာလျှင် အနည်းဆုံး ကျပ် ၁၆ သိန်းမှ အများဆုံး ကျပ် ၂၂ သိန်းထိ ပေါက်ဈေးရှိကြောင်းလည်း မွေးမြူသူကဆိုသည်။

ယခင်က ဇီဝဖိုးငှက်မွေးမြူခြင်းမှ ငှက်သိုက်ထုတ်လုပ်ခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၀၂ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းမှသာ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် တွင်တွင်ကျယ်ကျယ် မွေးမြူလာကြောင်း သိရသည်။

ဇီဝဖိုးငှက်များကို ပုသိမ်အနောက်ဘက်ကမ်းခြေအလွန်ရှိ ကျွန်းများ၊ တနင်္သာရီကမ်းရိုးတန်းနှင့် မြိတ်ကျွန်းစုတို့တွင် အများ အားဖြင့် တွေ့ရှိရသည်ဟုသိရသည်။

ထို့ပြင် သဘာဝအတိုင်းရရှိသည့် ဇီဝဖိုးငှက်သိုက်များကိုသစ်တောဦးစီးဌာနကဦးစီးပြီး နှစ်စဉ်ငှက်သိုက်သိမ်းယူခွင့်လိုင်စင် ထုတ်ပေးကာ ငှက်မျိုးစိတ်မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ဥပဒေများဖြင့် ထိန်းသိမ်းထားကြောင်းသိရသည်။

**Source : Popular News Journal**

## ကျောက်ဆည်ခရိုင်၌ မိုးနှောင်းချည်မျှင်ဝါများထွက်ရှိ၍ အရောင်းအဝယ်ဖြစ်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တွင် သီးနှံမျိုးစုံစိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းလျက် ရှိရာဝါသီးနှံကိုလည်းစိုက်ပျိုးလျက်ရှိကြောင်းယခုနှစ် တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက အနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၃,၃၂၅ ဧက၊ စဉ့်ကိုင်မြို့ မြို့နယ်တွင် ၉၄၂၇ ဧက၊ မြစ်သားမြို့နယ်တွင် ဧက ၅၃၀၀ စုစုပေါင်း ၂၈,၀၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများ အရ သိရသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါများကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းတွင် စတင်ရိတ်သိမ်းရကြောင်း ချည်မျှင် ရှည်ဝါစိုက်ပျိုးမှုအနေဖြင့် ပေါင်စနစ်ဖြင့်စိုက်ပျိုးကြပြီး မျိုးအနေဖြင့် အိန္ဒိယ(ရာကာ)မျိုးများဖြစ်သော ၃၃၃ လုံး၊ ၆၆၆ လုံးနှင့် ၉၉၉ လုံးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဝါမျိုးစေ့ ၁၂-၁၃ ပိဿာ ခန့်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၅၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ချည်မျှင် ရှည်ဝါအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၄၀၀-၅၀၀ ခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀-၃၀၀၀ ဖြင့်

အရောင်းအဝယ်ဖြစ်လျက်ရှိရာ တစ်ကေလျှင် ငွေကျပ် ၈၅၀,၀၀၀ အမြတ်ရရှိကြောင်း၊ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချရကြောင်း၊ယခုနှစ်တွင် ဝါအထွက်နှုန်းကောင်းမွန် လျက်ရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း ဝါစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## မြို့သစ်မြို့နယ်၌ ကုလားပဲသီးနှံများ စိုက်ပျိုးမှုနှင့်ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ဖန်ခါးပင်၊ စစ်တလင်း၊ကွင်းကျေးရွာများတွင် နှမ်း၊မြေပဲ၊ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့် သီးနှံများကိုရာသီအလိုက်နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကိုလည်းကေ၁၅၀ခန့်စိုက်ပျိုးထားကြောင်းသိရသည်။

ကုလားပဲသီးနှံကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလပထမပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ကုလားပဲ (ဟော်လန်)မျိုးနှင့် ကုလားပဲ (929)မျိုးများကို တစ်ကေလျှင် မျိုးစေ့ ၁၂ ပြည်ခန့်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲကာ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ၇၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ယခင်နှစ်က တစ်ကေလျှင်ကုလားပဲ ၁၂- ၁၆ တင်းခန့်ထွက်ရှိပြီး ပဲတစ်တင်းလျှင် ငွေကျပ် ၇၈,၀၀၀-၈၂,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ကေလျှင် ငွေကျပ် ၆၀၀,၀၀၀ ကျော် အမြတ်ရရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ကုလားပဲ(ဟော်လန်)တစ်တင်းလျှင် ငွေကျပ် ၉၅,၀၀၀-၉၆,၅၀၀၊ ကုလားပဲ (929) တစ်တင်းလျှင် ငွေကျပ်၉၆,၀၀၀-၉၇,၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ကုလားပဲသီးနှံထွက်ပေါ်သည့် ရာသီမဟုတ်သောကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ဈေးကွက်အနေဖြင့် မကွေးမြို့နှင့်တောင်တွင်းကြီးမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့တို့သို့ တင်ပို့ကြောင်း၊ ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်၊ မုန့်လုပ်ငန်းရှင်များကလည်း ဝယ်ယူကြကြောင်း၊ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် သီးနှံအထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်သခွားသီးများ ထွက်ရှိပြီး နိုဝင်ဘာလပထမပတ်မှစတင်၍ ယနေ့ထိ သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ရောင်းတန်း ဝင် သခွားသီးများတစ်ရက်လျှင် အလုံးရေ ၁၈,၅၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့သခွားသီးတွေအရောင်းအဝယ်ကောင်းနေပါတယ်။လက်ရှိဒေသမှာစိုက်ထားတဲ့ သခွားသီးတွေထွက်နေပါတယ်။ ကျောင်းကုန်းနဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက ဝယ်ယူမှုများနေပါတယ်။ လက်ရှိတစ်ရက်ကို သခွားသီး အလုံးရေ ၁၈,၅၀၀ ထိ ရောင်းချနေရပါတယ်။ ကျောင်းကုန်းမြို့နယ်ထွက် သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး

ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၀,၅၀၀ ပေါက်ဈေးရှိကြောင်း အဆိုပါဒေသထွက်သခွားသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ကျောင်းကုန်း၊ ငွေဆောင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## မအူပင်မြို့နယ်တွင် စံပယ်ဖြူပန်းကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်အတွင်း စလင်းဒေါင့်ကျေးရွာနှင့်အောင်ဟိတ်ကျေးရွာများတွင် ဂန္ဓမာပန်း၊ ကြယ်တာရာပန်း၊ နှင်းဆီပန်း၊ ပန်းထိမ်ငို ပန်းစသည့် ပန်းမျိုးစုံစိုက်ပျိုးလျက်ရှိရာဂန္ဓမာမျိုးစိတ် တစ်ခုဖြစ်သည့် စံပယ်ဖြူပန်းကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး ၁၂၈ ဧကကျော် စိုက်ပျိုးထား ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စံပယ်ဖြူပန်းကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလ၊ နောက်ဆုံးပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် စံပယ်ဖြူပန်းမျိုးကို အပင်တစ်ပင်လျှင် ငွေကျပ် ၂၀ နှုန်းဖြင့် တောင်ကြီးဘက်မှဝယ်ယူစိုက်ပျိုးရပြီး **တစ်ကေလျှင်** အပင်တစ်သောင်းခန့်စိုက်ပျိုးရကြောင်း၊ စံပယ်ဖြူပန်းကို တစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ပန်းပင်အရေအတွက် ၆၀၀ ပင်ခန့်ရရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၉ သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်လလျှင် ပန်းပင် အရေအတွက် ၉၀၀၀-၁၀,၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စံပယ်ဖြူပန်း လက်ကားဈေးတစ်ပင်လျှင် ငွေကျပ်၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၉ သိန်းခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မအူပင်မြို့၊ ကျိုက်လတ်နှင့် မော်ကျွန်းမြို့တို့သို့ တင်ပို့ရောင်းချပြီး ဒေသခံတောင်သူများအနေဖြင့် ပန်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားလျက်ရှိသောကြောင့် ပန်းမျိုးစုံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ပန်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူပြီး ကြိတ်ခွဲ၍ ဆန် အဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင် ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ရန်ကုန်ဆန်ဈေးကွက်ကို အောက်တိုဘာလအတွင်းမှာ ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်း ချခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်တွေကို ပြည်တွင်းမှာ ဝယ်ယူမှုများပြားနေပြီး ရန်ကုန်ဈေးကွက်က လက်ရှိ ဆန်

တွေအဝယ်လိုက်နေပါတယ်” ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင်း အရောင်းအဝယ် လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့်လုပ်ငန်းရှင်များ လုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းစပါးစိုက်တောင်သူများအတွက် ဈေးနှုန်းနှင့်စပ်လျဉ်း၍ မျှတသောကမ်းလှမ်းချက်ဖြစ်စေရေး ထိုင်းအစိုးရက ကတိပြုပြောကြား

ထိုင်းစပါးစိုက်တောင်သူများကို ထောက်ပံ့ပေးနိုင်ရန် နိုင်ငံအဆင့်ဆန်မူဝါဒကော်မတီက အတည်ပြုပြီးဖြစ်သည့် အစီအမံများကို အကောင်အထည်ဖော်မည့်အစီအစဉ်များကြောင့် ၂၀၂၄-၂၀၂၅ စပါးရိတ်သိမ်းရာသီသစ်အတွက်ဈေးနှုန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

စပါးတန်ချိန် ၁၃ ဒသမ ၄ သန်းသည် ဈေးကွက်အတွင်း ရောက်ရှိပြီဖြစ်ကြောင်း၊ ဆန်စက်များတွင် ဆန်လက်ကျန်ပမာဏ လျော့နည်းနေခြင်းကြောင့် ထိုင်း Hom mali ရနံ့ပါဆန်၊ ပသူသနီဆန်နှင့် ကောက်ညှင်းဆန်အရောတို့၏ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လျက်ရှိကြောင်း၊ နိုဝင်ဘာလ ၁၅ ရက်နေ့ ပျမ်းမျှဈေးနှုန်းမှာ စိုထိုင်းမှု ၁၅ ရာခိုင်နှုန်း စပါးဈေးနှုန်းသည် ၁ တန်လျှင် ဘတ် ၁၀,၅၅၀ ဖြစ်ပြီး ၁ တန်လျှင် ဘတ် ၅၀၀ ဈေးနှုန်းမြင့်တက်ခဲ့ပါကြောင်း၊ အရှေ့မြောက်ခြမ်းတွင် မိုးများသောကြောင့် စပါးစိုထိုင်းမှုမြင့်တက်လာခဲ့ပြီး ရောင်းဈေးကျဆင်းခဲ့ပါကြောင်း၊ တောင်သူများအတွက် သင့်တင့်သောဈေးနှုန်းဖြစ်စေရေးစောင့်ကြည့်ရန် ပြည်နယ်စီးပွားကူးသန်းရုံးများနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနကို ဝန်ကြီးကလမ်းညွှန်ထားကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Mr. Wittayakorn Maneenetr က ပြောကြားခဲ့သည်။

ပြည်နယ်စီးပွားကူးသန်းရုံးနှင့် ပူးပေါင်း၍ ၃၃ ပြည်နယ်ရှိ တောင်သူများနှင့် ချိတ်ဆက်ကာ ၂၀၂၄-၂၀၂၅ ရိတ်သိမ်းရာသီအတွက် ဈေးကွက်တစ်ခုကို နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့ထိနောင်ခိုင်တွင် လည်းကောင်း၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ Phrae ပြည်နယ်တွင် လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Hom mali ဆန်၏ ပို့ကုန်ဈေးနှုန်းမှာ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၉၃၅၊ ပသူသနီမှာ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၇၅ ၊ ဆန်ဖြူ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၆၀၃၊ ပေါင်းဆန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၁ နှင့် ကောက်ညှင်းဆန် ၁ တန် လျှင် အမေရိကန်ဒေါ်လာ ၈၁၈ စသည်ဖြင့် ဈေးနှုန်းသတ်မှတ်ထားကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း ဆန်တန်ချိန် ၈ဒသမ၃၇ သန်း တင်ပို့ပြီးဖြစ်သဖြင့် ထိုင်းဆန်၏ ပို့ကုန်သည် တိုးတက်မှုရှိနေပါကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

အမေရိကန်၊ ဟောင်ကောင်နှင့် ကနေဒါအစရှိသည့် အဓိကဈေးကွက်များ၏ ဝယ်လိုအားကြောင့် ယခုနှစ်အတွင်း ဆန်တင်ပို့မှုသည် တန်ချိန် ၉ သန်းကို ရောက်ရှိနိုင်ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံရရှိနိုင်သည်ဟု နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနနှင့် ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း သိရသည်။

ယခုနှစ် နောက်ဆုံး ၃ လပတ်တွင် အဓိကဈေးကွက်များက ခရစ္စမတ်နှင့် နှစ်သစ်ကူးအတွက် ကြိုတင်ပြင်ဆင်မှုများကြောင့် ဝယ်လိုအားနှင့်အတူ ရိတ်သိမ်းရာသီသို့နီးကပ်လာပြီဖြစ်သဖြင့်ထိုင်းဆန်တင်ပို့မှုမြင့်တက်လာနိုင်ကြောင်း၊ကော်မတီက အတည်ပြုထားသည့် ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအစီအမံများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် ဝန်ကြီးဌာနကို ဝန်ကြီးချုပ် H.E Ms. Paeto-ngtarn Shinawatra က လမ်းညွှန်မှာကြားထားပါကြောင်း၊ အဆိုပါ အစီအမံများသည် ရိတ်သိမ်းရာသီအတွင်း ဆန်ပမာဏပိုလျှံသွားမှုကြောင့် ဈေးနှုန်းကျဆင်းမှုကို ကာကွယ်ရန်ဖြစ်ကြောင်း၊ ပထမအစီအမံမှာ တန်ဖိုး ဘတ် ၈ ဒသမ ၃၆ ဘီလီယံနှင့် တန်ချိန် ၃ သန်းရှိသည့် စိုထိုင်းမှုအဆင့် ၂၅ ရာခိုင်နှုန်းရှိသော Hom mali ဆန်ရောင်းချမှုကို ရွှေ့ဆိုင်းထားရန် တောင်သူများသို့ ချေးငွေထုတ်ပေးခြင်း၊ ဒုတိယအစီအမံမှာ အစိုးရနှင့်သဘောတူညီထားသည့် ပမာဏရရှိစေရေးအတွက် တောင်သူများထံမှ ဆန်စပါးများ စုစည်းပေးမည့် ဆန်စပါးတောင်သူအသင်းသို့ ချေးငွေပေးအပ်ခြင်းနှင့် တတိယအစီအမံမှာ

ဆန်စပါးအပေါင် အစီအစဉ်တွင် ပါဝင်သော သိုလှောင်ရုံလုပ်ငန်းရှင်များကို အထောက်အပံ့ပေးခြင်းတို့ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp_201120240103

## နီပေါက ဘင်္ဂလားဒေ့ရှ်သို့ လျှပ်စစ်တင်ပို့ပြီ



နီပေါသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လျှပ်စစ်တင်ပို့မှုကို နိုဝင်ဘာ ၁၅ ရက် သောကြာနေ့ကစတင်ခဲ့ပြီး အိန္ဒိယနိုင်ငံပြီးနောက် ပထမဆုံးအနေဖြင့် အခြားနိုင်ငံတစ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အားတင်ပို့ခြင်းလည်းဖြစ်သည်။

ယခုအစီအစဉ်သည်အောက်တိုဘာလအစောပိုင်းက ခတ္တမန္ဒူတွင်လက်မှတ်ရေးထိုးခဲ့သော သုံးပွင့်ဆိုင်သဘောတူညီချက်အရ နီပေါသည်အိန္ဒိယကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ ဓာတ်အားတင်ပို့ခြင်းလည်းဖြစ်သည်။

အဆိုပါသုံးနိုင်ငံသဘောတူညီချက်အရ နီပေါအနေဖြင့် ၂၀၂၄ ခုနှစ်အတွက် ဘင်္ဂလားဒေ့ရှ်သို့ ဓာတ်အားတစ်ရက်သာ ရောင်းချနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် လာမည့် ၂၀၂၅ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ပြန်လည်စတင်ရောင်းချမည်ဖြစ်သည်ဟုလည်း သိရသည်။

သဘောတူညီချက်ပါအချက်အရ နီပေါသည် နှစ်စဉ် ဇွန်လ ၁၅ ရက်မှ နိုဝင်ဘာလ ၁၅ ရက်ကာလအထိ ငါးနှစ်တိတိတင်ပို့ရောင်းချပေးသွားမည်ဖြစ်ကာ ဘင်္ဂလားဒေ့ရှ်နှင့်ဆက်သွယ်ထားသည့် အိန္ဒိယသွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်း၏ အကန့်အသတ်ကြောင့် ၄၀ မဂ္ဂါဝပ်သာ ပေးပို့နိုင်သေးကာ သွယ်တန်းပေးပို့မှုများကို ပြန်လည်ပြင်ဆင်ပြီးချိန် လာမည့်ကာလများတွင်ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

နီပေါသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့်ကာလဖြစ်သည့် နိုဝင်ဘာလတွင် အဓိကထားကာ အိန္ဒိယသို့လျှပ်စစ်ကိုတင်ပို့နေခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ကတည်းက စတင်တင်ပို့နေခြင်းလည်းဖြစ်သည်။

**Source : ရှင်းဟွာ**

**Popular News Journal**

## အမေရိကန်-တရုတ် ကုန်သွယ်မှုပဋိပက္ခရှိသည့်တိုင် ထိုင်းနိုင်ငံအနေဖြင့် အကျိုးအမြတ်များ ရရှိနိုင်ကြောင်း ထိုင်း စီးပွား/ကူးသန်းဝန်ကြီး ပြောကြား




အမေရိကန် – တရုတ် ကုန်သွယ်မှုပဋိပက္ခရှိသည့်တိုင် ထိုင်းနိုင်ငံအနေဖြင့် နှစ်နိုင်ငံစလုံးနှင့် ဆက်ဆံရေးကောင်းမွန်သည့်အပြင် ပဋိပက္ခတွင် မည်သည့်ဘက်မှရပ်တည်မှာမဟုတ်သည့်အတွက် စီးပွားရေး အကျိုးအမြတ်များရရှိနိုင်ကြောင်း၊ အမေရိကန်က တရုတ်ပစ္စည်းများတင်သွင်းမှုကို လျှော့ချပြီးထိုင်းထုတ်ကုန်များဖြင့်အစားထိုးတင်သွင်းလာနိုင်ကြောင်း ထိုင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Pichai Naripthaphan က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် လက်ရှိလုပ်ငန်းလည်ပတ်နေသည့် အမေရိကန် Hard Disk ထုတ်လုပ်သူများဖြစ်သော Seagate နှင့် Western Digital တို့သည်လုပ်ငန်းများပိုမိုတိုးချဲ့လာမည်ဟု မျှော်လင့်ထားကြောင်း၊ ကမ္ဘာ့ပထဝီနိုင်ငံရေးတွင် ကြားနေအဖြစ်

ရပ်တည်သည့် ထိုင်းနိုင်ငံသို့ တရုတ်၊ အမေရိကန်နှင့်အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုအသစ်များ လာမည့်နှစ်များတွင် ဝင်ရောက်လာနိုင်ကြောင်း၊ ဒေါ်နယ်ထရမ့် အနိုင်ရခြင်းကြောင့် ရီပါပလစ်ကန်ပါတီ၏ စီးပွားရေးကို ဦးစားပေးမှုနှင့် အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခ ဆက်လက်ဖြစ်ပွားမှုကြောင့် ထိုင်းနိုင်ငံအတွက် အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း ၊ နှစ်နိုင်ငံစလုံးမှ ရင်းနှီးမြှုပ်နှံမှုများ ထိုင်းနိုင်ငံသို့ ပိုမိုဝင်ရောက်လာနိုင်ကြောင်း၊ နိုင်ငံတိုင်းမှ ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပြီး အခြားနိုင်ငံများသို့ ပို့ကုန်များ ထုတ်လုပ်သည့် အချက်အချာနေရာအဖြစ် အသုံးပြုလိုကြကြောင်း ထိုင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထရမ့်က တရုတ်နှင့်ကုန်သွယ်မှုယှဉ်ပြိုင်ရာတွင် သွင်းကုန်အပေါ်အကောက်ခွန်များ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထရမ့် ၏ ပထမအကြိမ် သမ္မတရာထူးသက်တမ်းတွင်လည်း အမေရိကန် – တရုတ် ကုန်သွယ်ရေးပဋိပက္ခကြောင့် တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို အခွန်ဒဏ်ခတ်စည်းကြပ်မှုများနှင့် ကုန်သွယ်မှု ကန့်သတ်ချက်များကျင့်သုံးခဲ့ကာ တရုတ် စီးပွားရေးလုပ်ငန်းရှင်အချို့က အဆိုပါကန့်သတ်ချက်များအား ရှောင်ရှားနိုင်မည့်နေရာများသို့ပြောင်းရွှေ့ခဲ့ရသဖြင့်အရှေ့တောင်အာရှနိုင်ငံများသည် အကျိုးအမြတ် အများဆုံးရရှိခဲ့ကြောင်း၊ မော်တော်ကားနှင့် လျှပ်စစ်ပစ္စည်းများကို နှစ်ရှည်လများ ထုတ်လုပ်ခဲ့သည့် ထိုင်းနိုင်ငံသည် ဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာ့ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ ပျမ်းမျှ ၂ ရာခိုင်နှုန်းထက် မနည်း ပိုမိုတိုးတက်လာနိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း Bangkok Post သတင်းဌာနက ဖော်ပြထားသည်။

**Source : Bangkok Post**

https://commerce.gov.mm/my/article/update-news-international-trade/31922

## STOCK EXCHANGE (21.11.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,275 (Shares) | 114,602,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,700 | 8,500 | 1,788 | 15,287,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 18,322 | 59,546,500 | 38,929,150 | 126,520 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,400 | 8,500 | 8,400 | 492 | 4,180,800 | 10,400,986 | 88,408 |
| FPB | 00004 | 2,000 | +100 | +5.26% | 1,900 | 2,000 | 1,900 | 7,241 | 13,977,900 | 29,664,613 | 59,329 |
| TMH | 00005 | 3,300 | +400 | +13.79% | 3,300 | 3,300 | 3,300 | 1,100 | 3,630,000 | 12,823,224 | 42,317 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,700 | 1,800 | 1,700 | 2,316 | 4,133,900 | 19,977,223 | 35,959 |
| AMATA | 00007 | 4,500 | +100 | +2.27% | 4,500 | 4,500 | 4,500 | 660 | 2,970,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,200 | 3,300 | 3,200 | 3,356 | 10,876,350 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 21st Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.17 | +3.62 | +0.91% | 395.08 | 405.78 | 395.08 | 35,275 | 114,602,450 | 8 | 758,570 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

| Trading Volume | Trading Value |
|---|---|
| 35,729 (Shares) | 130,265,450 (MMK) |

### Main Board

As of 1:00 pm, 21st Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,275 (Shares) | 114,602,450 (MMK) |

| MYANPIX | 402.17 ▲ 3.62 |
|---|---|
| Total Volume (shares) | 35,275 |
| Total Value (MMK) | 115 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,570 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 100 |
| TMH | 00005 | 3,300 | ▲ 400 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,500 | ▲ 100 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR